**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

# (Environmental Compliance Certificate – ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၁၀၆၆ ) ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ကို ထုတ်ပေးလိုက်သည်–

(က) **စီမံကိန်းအဆိုပြုသူ** – Mr. Uthai Kairach (General Manager)

(ခ) **ဆက်သွယ်ရန် လိပ်စာ** – Perfect Companion (Myanmar) Co.,Ltd.
Plot No 21+24, Zone (3), Oaktha (9) Village Tract, Bago Township.
Ph–09 428202903

(ဂ) **စီမံကိန်းအမျိုးအစား** – ခွေး၊ ကြောင်နှင့် အခြားတိရစ္ဆာန်အစားအစာများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း

(ဃ) **စီမံကိန်းကာလ** – အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ

(င) **စီမံကိန်း၏ အရွယ်အစား** – မြေဧရိယာ (၁၀) ဧက

(စ) **စီမံကိန်းတည်နေရာ** – ပဲခူးတိုင်း ဒေသကြီး၊ ပဲခူးမြို့နယ်၊ ညောင်အင်းကျေးရွာ၊ ပြည်ပစက်မှုဇုန်နယ်မြေ၊ မြေကွက်အမှတ် (၂၁+၂၄)။

(ဆ) **ECC သက်တမ်း (၅)နှစ်** – စတင်ထုတ်ပေးရက် – ၃-၉-၂၀၂၄
သက်တမ်းကုန်ဆုံးရက် – ၂-၉-၂၀၂၉

(ဇ) **အတည်ပြုအစီရင်ခံစာ** – ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၏ ၆-၆-၂၀၂၄ ရက်စွဲပါ စာဖြင့် တင်ပြသည့် "ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာ"



၈.၁၁.၂၀၂၄

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)

( လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန် )

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊
(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊
(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊
(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊
(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊
(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊
(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆) လ တစ်ကြိမ် ရေးဆွဲတင်ပြရန်၊
(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်းဆောင်ရွက်မှု ရှိ/ မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ်အကြောင်းကြားရန်၊
(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်၊
(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရအဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊
(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်းသည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ(က)

**Perfect Companion (Myanmar) Co.,Ltd. မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ခွေး၊ ကြောင်နှင့် အခြားတိရစ္ဆာန်အစားအစာများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ Perfect Companion (Myanmar) Co.,Ltd. မှ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ညောင်အင်းကျေးရွာ၊ ပြည်ပစက်မှုဇုန်နယ်မြေ၊ မြေကွက်အမှတ် (၂၁+၂၄)၊ မြေရိယာ (၁၀) ကေပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ခွေး၊ ကြောင်နှင့် အခြားတိရစ္ဆာန်အစားအစာများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၏ ၆-၆-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ပဲခူး/အီးအိုင်အေ (၁၇၆၄/၂၀၂၄) ဖြင့် တင်ပြခဲ့သည့် တတိယပုဂ္ဂိုလ်အဖွဲ့အစည်း Green Enviro Services Ltd. မှ ပြုစုသော အပြီးသတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် (Environmental Compliance Certificate–ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** Mr. Uthai Kairach၊ General Manager ၊ Perfect Companion (Myanmar) Co.,Ltd၊ Plot No 21+24, Zone (3), Oaktha (9) Village Tract, Bago Township၊ Ph–09 428202903 ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** Perfect Companion (Myanmar) Co.,Ltd. သည် ပြည်တွင်းရောင်းချရန်အတွက် အိမ်မွေးတိရစ္ဆာန်အစာများထုတ်လုပ်ရန် ၁၀၀ ရာခိုင်နှုန်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဖြင့် တည်ထောင်ထားသော ပုဂ္ဂလိကကုမ္ပဏီလီမိတက်ဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ၊ ၂၉ ရက်နေ့တွင် အိမ်မွေးတိရစ္ဆာန်နှင့် အခြားတိရစ္ဆာန်အစာထုတ်လုပ်ရန် ခွင့်ပြုချက်ရရှိထားပြီး ၁၀ နှစ်အတွင်း တန်ချိန် ၉,၆၀၀ မှ ၄၂,၂၀၀ အထိ ထုတ်လုပ်မည်ဖြစ်ပါသည်။ အဆိုပြုစီမံကိန်း၏ ထုတ်လုပ်မှုလုပ်ငန်းစဉ်တွင် ဘေးကင်း၍ အာဟာရပြည့်ဝပြီး အရည်အသွေးမြင့် အိမ်မွေးတိရစ္ဆာန်အစာ ထုတ်ကုန်များရရှိစေရန်အတွက် အဆင့်များစွာပါဝင်ပါသည်။ အိမ်မွေးတိရစ္ဆာန်အစာထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်အနေဖြင့် (၁) ကုန်ကြမ်းလက်ခံခြင်း၊ (၂) သိုလှောင်ခြင်း၊ (၃) အကြမ်းကြိတ်ခြင်း၊ (၄) ပေါင်းစပ်ခြင်း၊ (၅) အနုကြိတ်ခြင်း၊ (၆) အရည်ညှစ်ထုတ်ခြင်း၊ (၇) အစာတောင့်ပြုလုပ်ခြင်း၊ (၈) အခြောက်ခံခြင်း၊ (၉) အပေါ်ယံအလွှာထပ်ခြင်း၊ (၁၀) အအေးခံခြင်း၊ (၁၁) ထုပ်ပိုးခြင်းနှင့် (၁၂) အရည်အသွေးစစ်ဆေးမှုပြုလုပ်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** စီမံကိန်းလုပ်ငန်းတွင် အသုံးပြုမည့် စက်ယန္တရားအများစုကို ပြည်ပမှ တင်သွင်းမည်ဖြစ်ပြီး ကုန်ကြမ်းများဖြစ်သော ဆန်၊ ပဲပိစပ်၊ ဆန်ကွဲ၊ ဆန်၊ ဂျုံ၊ ဖွဲနု စသည်တို့ကို ပြည်တွင်းမှ ဝယ်ယူမည်ဖြစ်ကြောင်း၊ အချို့သော ပေါင်းစပ်ပစ္စည်းများနှင့် ဖြည့်စွက်ပစ္စည်းများကို

ထိုင်းနိုင်ငံမှ ဝယ်ယူမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်ရန်နှင့် အထွေထွေသုံးစွဲရန် အတွက် လိုအပ်သောရေကို RO စနစ်ဖြင့် သန့်စင်အသုံးပြုမည်ဖြစ်ကြောင်း၊ ပင်မစက်ရုံလည်ပတ်မှု အတွက် ၈ လက်မအချင်းရှိ စက်ရေတွင်း (၂) တွင်းမှ မြေအောက်ရေကို ရယူသုံးစွဲမည်ဖြစ်ကြောင်းနှင့် RO စနစ်ဖြင့် ရေသန့်စင်ပြီး ၃၀၀,၀၀၀ လီတာဆံ့ကန်တွင် ရေကိုသိုလှောင်၍ ဓာတ်ခွဲခန်း၊ ဘွိုင်လာ၊ ထုတ်လုပ်မှုလုပ်ငန်းတို့အတွက် တစ်နာရီလျှင် ၄,၀၀၀ လီတာ အသုံးပြုမည်ဖြစ်ပြီး ဘွိုင်လာအတွက် တစ်ရက်လျှင် ၂,၀၀၀ လီတာ အသုံးပြုမည်ဖြစ်ကြောင်း၊ စီမံကိန်းအတွက် လိုအပ်သောလျှပ်စစ် ဓာတ်အားကို ပဲခူးတိုင်းဒေသကြီး၊ လျှပ်စစ်ဓာတ်အားပေးဖြန့်ဖြူးရေးလုပ်ငန်းမှ ရယူအသုံးပြုမည် ဖြစ်ကြောင်း၊ သို့သော်လျှပ်စစ်ဓာတ်အားမလုံလောက်မှုကြောင့် ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်ရန် နှင့် မီးအလင်းရောင်ရရှိစေရန်အတွက် ဒီဇယ်လောင်စာသုံး ၁၇၆ kVA နှင့် ၁,၀၀၀ kVA ဂျင်နရေတာ (၂) လုံး အသုံးပြုမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုသည့် ရေအသုံးပြုမှု၊ လျှပ်စစ်အသုံးပြုမှုနှင့် ကုန်ကြမ်းပစ္စည်းအသုံးပြုမှုတို့အား အောက်ပါအတိုင်း ဖော်ပြထားပါသည်-

| PARTICULARS | Year 1 | | Year 2 | | Year 3 | |
|---|---|---|---|---|---|---|
| | QTY | VALUE | QTY | VALUE | QTY | VALUE |
| Water for the Factory | 3,720 | 0.4 | 5,115 | 0.6 | 6,510 | 0.8 |
| Water for the Office | 100 | 0.0 | 110 | 0.0 | 121 | 0.0 |
| Total for Each Year | 3,820 | 0.5 | 5,225 | 1 | 6,631 | 0.8 |

| PARTICULARS | Year 4 | | Year 5 | |
|---|---|---|---|---|
| | QTY | VALUE | QTY | VALUE |
| Water for the Factory | 8,370 | 1.0 | 16,352 | 1.9 |
| Water for the Office | 133 | 0.0 | 188 | 0.016 |
| Total for Each Year | 8,503 | 1.0 | 16,540 | 1.98 |

| PARTICULARS (Type) | A/U | Year 1 | Year 2 | Year 3 | Year 4 | Year 5-10 (Averagely) | |
|---|---|---|---|---|---|---|---|
| | | QTY | QTY | QTY | QTY | QTY | QTY |
| Fuel for Cars | Liters | 78,000 | 78,000 | 78,000 | 78,000 | 78,000 | 78,000 |
| Diesel For the Generator | Gallon | 54000 | 54000 | 54000 | 54000 | 54000 | 54000 |
| Diesel for the Broiler | Gallon | 42400 | 42400 | 42400 | 42400 | 42400 | 42400 |
| Diesel for the Fire engine | Gallon | 60 | 60 | 60 | 60 | 60 | 60 |
| Diesel for the forklift | Gallon | 365 | 365 | 365 | 365 | 365 | 365 |

| No | Particulars (Type) | Year 1 | | | | Year 2 | | | |
|---|---|---|---|---|---|---|---|---|---|
| | | Qty (kg) | Total Qty (kg) | Price (USD) | Amt (USD) | Qty (kg) | Total Qty (kg) | Price (USD) | Amt (USD) |
| 1 | Soybean Cake | 1,200 | 1,320 | 0.53 | 693 | 1,650 | 1,814 | 0.54 | 972 |
| 2 | Wheat Bran | 973 | 1,070 | 0.27 | 292 | 1,337 | 1,471 | 0.28 | 409 |
| 3 | Premix and Concentrate | 354 | 389 | 2.38 | 928 | 487 | 536 | 2.43 | 1,301 |
| 4 | Other imported raw materials | 1,181 | 1,299 | 1.07 | 1,385 | 1,624 | 1,786 | 1.09 | 1,943 |
| 5 | Corn | 3,323 | 3,655 | 0.29 | 1,076 | 4,568 | 5,025 | 0.30 | 1,509 |
| 6 | Broken Rice & Rice Bran | 878 | 966 | 0.29 | 278 | 1,208 | 1,328 | 0.29 | 390 |
| 7 | Other local raw materials | 1,692 | 1,861 | 0.62 | 1,152 | 2,327 | 2,559 | 0.63 | 1,616 |
| **Total USD'000** | | **9,601** | **10,560** | **-** | **5,804** | **13,201** | **14,519** | | **8,140** |

| No | Particulars (Type) | Year 3 | | | | Year 4 | | | |
|---|---|---|---|---|---|---|---|---|---|
| | | Qty (kg) | Total Qty (kg) | Price (USD) | Amt (USD) | Qty (kg) | Total Qty (kg) | Price (USD) | Amt (USD) |
| 1 | Soybean Cake | 2,099 | 2,309 | 0.55 | 1,261 | 2,699 | 2,969 | 0.61 | 1,820 |
| 2 | Wheat Bran | 1,702 | 1,872 | 0.28 | 531 | 2,188 | 2,407 | 0.32 | 766 |
| 3 | Premix and Concentrate | 620 | 682 | 2.48 | 1,689 | 797 | 876 | 2.78 | 2,437 |
| 4 | Other imported raw materials | 2,066 | 2,273 | 1.11 | 2,523 | 2,657 | 2,923 | 1.25 | 3,639 |
| 5 | Corn | 5,814 | 6,396 | 0.31 | 1,959 | 7,476 | 8,223 | 0.31 | 2,569 |
| 6 | Broken Rice & Rice Bran | 1,537 | 1,691 | 0.30 | 506 | 1,976 | 2,174 | 0.31 | 663 |
| 7 | Other local raw materials | 2,961 | 3,257 | 0.64 | 2,098 | 3,807 | 4,188 | 0.66 | 2,752 |
| **Total USD'000** | | **16,799** | **18,480** | **-** | **10,567** | **21,600** | **23,760** | **-** | **14,646** |

| No | Particulars (Type) | Year 5 | | | | Year 6 | | | |
|---|---|---|---|---|---|---|---|---|---|
| | | Qty (kg) | Total Qty (kg) | Price (USD) | Amt (USD) | Qty (kg) | Total Qty (kg) | Price (USD) | Amt (USD) |
| 1 | Soybean Cake | 3,299 | 3,629 | 0.63 | 2,268 | 4,049 | 4,454 | 0.64 | 2,840 |
| 2 | Wheat Bran | 2,675 | 2,942 | 0.32 | 955 | 3,283 | 3,611 | 0.33 | 1,196 |
| 3 | Premix and Concentrate | 974 | 1,071 | 2.84 | 3,038 | 1,195 | 1,314 | 2.89 | 3,803 |
| 4 | Other imported raw materials | 3,247 | 3,572 | 1.27 | 4,537 | 3,985 | 4,384 | 1.30 | 5,679 |
| 5 | Corn | 9,137 | 10,051 | 0.32 | 3,203 | 11,214 | 12,335 | 0.33 | 4,010 |
| 6 | Broken Rice & Rice Bran | 2,415 | 2,657 | 0.31 | 827 | 2,964 | 3,261 | 0.32 | 1,035 |
| 7 | Other local raw materials | 4,653 | 5,118 | 0.67 | 3,431 | 5,711 | 6,282 | 0.68 | 4,294 |
| **Total USD'000** | | **26,400** | **29,040** | **-** | **18,259** | **32,401** | **35,641** | **-** | **22,857** |

| No | Particulars (Type) | Year 7 | | | | Year 8 | | | |
|---|---|---|---|---|---|---|---|---|---|
| | | Qty (kg) | Total Qty (kg) | Price (USD) | Amt (USD) | Qty (kg) | Total Qty (kg) | Price (USD) | Amt (USD) |
| 1 | Soybean Cake | 4,799 | 5,278 | 0.65 | 3,433 | 5,548 | 6,103 | 0.66 | 4,049 |
| 2 | Wheat Bran | 3,891 | 4,280 | 0.34 | 1,446 | 4,498 | 4,948 | 0.34 | 1,705 |
| 3 | Premix and Concentrate | 1,416 | 1,558 | 2.95 | 4,597 | 1,638 | 1,801 | 3.01 | 5,422 |
| 4 | Other imported raw materials | 4,723 | 5,196 | 1.32 | 6,865 | 5,461 | 6,007 | 1.35 | 8,097 |
| 5 | Corn | 13,290 | 14,619 | 0.33 | 4,848 | 15,367 | 16,903 | 0.34 | 5,717 |
| 6 | Broken Rice & Rice Bran | 3,513 | 3,864 | 0.32 | 1,252 | 4,062 | 4,468 | 0.33 | 1,476 |
| 7 | Other local raw materials | 6,768 | 7,445 | 0.70 | 5,192 | 7,826 | 8,608 | 0.71 | 6,123 |
| Total USD'000 | | 38,400 | 42,240 | - | 27,633 | 44,400 | 48,838 | - | 32,589 |


| No | Particulars (Type) | Year 9-10 (Averagely) | | | |
|---|---|---|---|---|---|
| | | Qty (kg) | Total Qty (kg) | Price (USD) | Amount (USD) |
| 1 | Soybean Cake | 6,973 | 7,670 | 0.68 | 5,245 |
| 2 | Wheat Bran | 5,653 | 6,219 | 0.36 | 2,209 |
| 3 | Premix and Concentrate | 2,058 | 2,264 | 3.10 | 7,025 |
| 4 | Other imported raw materials | 6,863 | 7,550 | 1.39 | 10,490 |
| 5 | Corn | 19,312 | 21,243 | 0.35 | 7,407 |
| 6 | Broken Rice & Rice Bran | 5,105 | 5615 | 0.34 | 1,912 |
| 7 | Other local raw materials | 9,835 | 10,818 | 0.73 | 7,933 |
| Total USD'000 | | 55,799 | 61,379 | - | 42,221 |

၅။ **စီမံကိန်းတည်နေရာ။** ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ညောင်အင်းကျေးရွာ၊ ပြည်ပစက်မှုဇုန် နယ်မြေ၊ မြေကွက်အမှတ် (၂၁+၂၄)၊ မြေဧရိယာ (၁၀) ဧကပေါ်တွင် တည်ရှိပါသည်။

**Perfect Companion (Myanmar) Co.,Ltd. မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ခွေး၊ ကြောင်နှင့် အခြားတိရစ္ဆာန်အစားအစာများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၏ တည်နေရာပြမြေပုံ**




# Perfect Companion (Myanmar) Co.,Ltd. မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ခွေး၊ ကြောင်နှင့် အခြားတိရစ္ဆာန်အစားအစာများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၏ Layout Plan



## Perfect Companion (Myanmar) Co.,Ltd. မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ခွေး၊ ကြောင်နှင့် အခြားတိရစ္ဆာန်အစားအစာများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၏

## Process Flow Chart



နောက်ဆက်တွဲ(ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ

## ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာအရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ

၆။ စီမံကိန်းအဆိုပြုသူသည် Perfect Companion (Myanmar) Co.,Ltd. မှ ခွေး၊ ကြောင်နှင့် အခြားတိရစ္ဆာန်အစားအစာများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၏ ၆-၆-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ပဲခူး/ အီးအိုင်အေ (၁၇၆၄/၂၀၂၄) ဖြင့် တင်ပြလာသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာတွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြား မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ များကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** Perfect Companion (Myanmar) Co.,Ltd. သည် ပြည်တွင်းရောင်းချရန်အတွက် အိမ်မွေးတိရစ္ဆာန်အစာများထုတ်လုပ်ရန် ၁၀၀ ရာခိုင်နှုန်း နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဖြင့် တည်ထောင်ထားသော ပုဂ္ဂလိကကုမ္ပဏီလီမိတက် ဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ၊ ၂၉ ရက်နေ့တွင် အိမ်မွေးတိရစ္ဆာန်နှင့် အခြားတိရစ္ဆာန်အစာထုတ်လုပ်ရန် ခွင့်ပြုချက်ရရှိ ထားပြီး ၁၀ နှစ်အတွင်း တန်ချိန် ၉,၆၀၀ မှ ၄၂,၂၀၀ အထိ ထုတ်လုပ်မည်ဖြစ်ပါသည်။ အဆိုပြုစီမံကိန်း၏ ထုတ်လုပ်မှုလုပ်ငန်းစဉ်တွင် ဘေးကင်း၍ အာဟာရပြည့်ဝပြီး အရည်အသွေးမြင့် အိမ်မွေးတိရစ္ဆာန်အစာ ထုတ်ကုန်များရရှိစေရန်အတွက် အဆင့် များစွာ ပါဝင်ပါသည်။ အိမ်မွေးတိရစ္ဆာန်အစာထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့် အနေဖြင့် (၁) ကုန်ကြမ်းလက်ခံခြင်း၊ (၂) သိုလှောင်ခြင်း၊ (၃) အကြမ်းကြိတ်ခြင်း၊ (၄) ပေါင်းစပ်ခြင်း၊ (၅) အနုကြိတ်ခြင်း၊ (၆) အရည်ညှစ်ထုတ်ခြင်း၊ (၇) အစာတောင့် ပြုလုပ်ခြင်း၊ (၈) အခြောက်ခံခြင်း၊ (၉) အပေါ်ယံအလွှာ ထပ်ခြင်း၊ (၁၀) အအေးခံခြင်း၊ (၁၁) ထုပ်ပိုးခြင်းနှင့် (၁၂) အရည်အသွေးစစ်ဆေးမှုပြုလုပ်ခြင်းတို့ကို ဆောင်ရွက်မည် ဖြစ်ကြောင်း ဖော်ပြထားပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေထုညစ်ညမ်းမှုလျော့နည်းစေရေးအတွက် အရည်အသွေးကောင်းမွန်သော လောင်စာဆီများ၊ စက်ပစ္စည်းများနှင့် ယာဉ်ယန္တရားများကိုသာ အသုံးပြုရန် နှင့် ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းတို့ ဆောင်ရွက်ရန်၊

(၂) လုပ်ငန်းခွင်ဧရိယာအတွင်း ဖုန်မှုန့်ထွက်ရှိမှုလျော့နည်းစေရေးအတွက် ပုံမှန် ရေဖျန်းခြင်းများ ဆောင်ရွက်ရန်၊

(၃) ဖုန်မှုန့်ထွက်ရှိမှု လျော့နည်းစေရန်အတွက် လေထုညစ်ညမ်းမှုထိန်းချုပ်ရေး စက်ကိရိယာများ တပ်ဆင်ထားရှိရန်

(၄) လုပ်ငန်းခွင်အတွင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လေထုညစ်ညမ်းမှုလျော့နည်းစေရန်အတွက် ပစ္စည်းများအား အဖုံးများ ဖုံးအုပ် သယ်ဆောင်ရန်၊

(၅) လုပ်ငန်းခွင်အတွင်း လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ထားရှိ ရန်၊

(၆) အမှုန်အမွှားထွက်ရှိမှုများသော နေရာများတွင် လုပ်ငန်းဆောင်ရွက်နေသော အလုပ်သမားများအား အလုပ်ကျတာဝန်ချထားပေးရန်၊

(၇) လေထုအရည်အသွေးစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်ပါ တန်ဖိုးများနှင့်အညီ လိုက်နာ ဆောင်ရွက်ရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလုပ်ငန်းမှ ထွက်ရှိလာသော စွန့်ပစ်ရေများကို ရေနုတ်မြောင်းစနစ်ဖြင့် စနစ်တကျစွန့်ပစ်ရန်၊

(၂) ရေထုညစ်ညမ်းမှုဖြစ်ပေါ်စေသည့် ပစ္စည်းများအား စနစ်တကျ သိမ်းဆည်း ခြင်းများ ဆောင်ရွက်ရန်၊

(၃) ရေသွယ်ယူသည့် ပိုက်လိုင်းများ၊ ရေသိုလှောင်ကန်များ၊ ပိုက်ဆက်ထားသော နေရာများမှ ရေယိုစိမ့်မှု မဖြစ်ပေါ်စေရေးအတွက် ပုံမှန်စစ်ဆေးပြုပြင်ခြင်းများ ဆောင်ရွက်ရန်၊

(၄) ရေအရင်းအမြစ်ဆုံးရှုံးမှု လျော့နည်းစေရန်အတွက် လုပ်ငန်းခွင်အတွင်း ရေအသုံးပြုမှု သိရှိနိုင်သော ရေမီတာတပ်ဆင်ရန်၊

(၅) စီမံကိန်းဧရိယာအတွင်းရှိ ရေနုတ်မြောင်းများနှင့် မိလ္လာစနစ်ကို သန့်ရှင်းစေရေး အတွက် စနစ်တကျဆောင်ရွက်ထားရှိရန်၊

(၆) စက်ရုံရေနုတ်မြောင်းအတွင်းတွင် ပိတ်ဆို့မှုမရှိစေရန်နှင့် အနံ့ဆိုးများထွက်ရှိမှု မဖြစ်ပေါ်စေရန်အတွက် စနစ်တကျစီမံဆောင်ရွက်ရန်၊

(၇) စီမံကိန်းလုပ်ငန်းမှ ထွက်ရှိလာသော စွန့်ပစ်ရေများကို ပြန်လည်အသုံးပြု၍ ရသော လုပ်ငန်းများတွင် အသုံးပြုရန်၊

(၈) စက်ရုံမှထွက်ရှိလာသော စွန့်ပစ်ရေများကို သန့်စင်ပြီးမှသာ ရေနုတ်မြောင်း အတွင်းသို့ စွန့်ပစ်ရန်၊

(၉) စက်ပစ္စည်းများမှ ထွက်ရှိလာသည့် စက်ဆီနှင့် ချောဆီများကြောင့် ရေညစ်ညမ်းမှု မဖြစ်ပေါ်စေရန်အတွက် စနစ်တကျထိန်းသိမ်းခြင်း၊ စွန့်ပစ်ခြင်းများ ဆောင်ရွက် ရန်၊

(၁၀) ဘွိုင်လာမှထွက်ရှိလာသော စွန့်ပစ်ရေများကို ပြန်လည်အသုံးပြု၍ရသော နေရာများတွင် အသုံးပြုသွားရန်၊

(၁၁) ရေထုညစ်ညမ်းမှုလျော့နည်းစေရေးအတွက် ဓာတုပစ္စည်းများကို ရေအရင်း အမြစ်များအတွင်းသို့ ဝင်ရောက်ခြင်းမှ ကာကွယ်ရန် လုံခြုံစွာထုပ်ပိုးသိမ်းဆည်း ခြင်းများ ဆောင်ရွက်ရန်၊

(၁၂) ရေဆိုးသန့်စင်စွန့်ပစ်ခြင်းဆိုင်ရာ လုပ်ဆောင်ချက်များကို မှတ်တမ်းထားရှိရန်၊

(၁၃) စွန့်ပစ်ရေအရည်အသွေးစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ဆိုင်ရာ အခြေခံ အချက်အလက်များအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

( c) **မြေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကုန်ကြမ်းများကို သတ်မှတ်ထားသော သိုလှောင်ရေိယာတွင် ထားရှိရန်၊

(၂) လုပ်ငန်းဧရိယာ၏ သတ်မှတ်ထားသော နေရာများတွင် စွန့်ပစ်အမှိုက်များကို စွန့်ပစ်ရန်၊

(၃) မြေထုညစ်ညမ်းမှုလျော့နည်းစေရေးအတွက် ယာဉ်များနှင့် စက်ပစ္စည်းများမှ မတော်တဆ ဆီယိုဖိတ်ခြင်းမရှိစေရန် ဆောက်လုပ်ရေးပစ္စည်းများကို စနစ် တကျ စီမံဆောင်ရွက်ရန်၊

(၄) မြေထုညစ်ညမ်းမှုလျော့နည်းစေရေးအတွက် ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက် သော ဧရိယာအား ကွန်ကရစ်ခင်းထားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၅) မြေအရည်အသွေးစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည် အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက် ရန်။

(စ) **အနံ့စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အနံ့ဆိုးများထွက်ရှိခြင်းမှ ကာကွယ်နိုင်ရန်အတွက် ကုန်ကြမ်းပစ္စည်းများကို သိုလှောင်ရာတွင် အလုံပိတ်ထုပ်ပိုးသိမ်းဆည်းရန်၊

(၂) လုပ်ငန်းဆောင်ရွက်ရာမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား အနံ့ဆိုး ထွက်ရှိမှုမရှိစေရေးအတွက် လျင်မြန်စွာရှင်းလင်းခြင်းများ ဆောင်ရွက်ရန်၊

(၃) စီမံကိန်းဆောင်ရွက်ရာမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား အနံ့ဆိုး ထွက်ရှိခြင်းမှ ကာကွယ်ရန် အမှိုက်များကို လုံခြုံစွာသိမ်းဆည်းစွန့်ပစ်ရန်၊

(၄) သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အနံ့ဆိုးမထွက်ရှိစေရန် အတွက် အလုံပိတ်ယာဉ်များနှင့် ကွန်တိန်နာများကို အသုံးပြုရန်၊

(၅) စက်ရုံအတွင်း လေထုညစ်ညမ်းမှုလျော့နည်းစေရေးအတွက် ကောင်းမွန်သော လေဝင်လေထွက်စနစ် တပ်ဆင်ထားရှိရန်၊

(၆) လုပ်ငန်းခွင်အတွင်းရှိ စက်ပစ္စည်းကိရိယာများကို ပုံမှန်ပြုပြင်ထိန်းသိမ်းရန်။

(ဆ) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆူညံသံထွက်ရှိမှုများသော နေရာတွင် လုပ်ငန်းဆောင်ရွက်ရသော ဝန်ထမ်း များအား လိုအပ်သည့် တစ်ကိုယ်ရေကာကွယ်ရေးသုံးပစ္စည်း (PPEs) ထောက်ပံ့ ပေးရန်၊

(၂) ဆူညံသံထွက်ရှိမှုလျော့နည်းစေရန်အတွက် အသုံးမပြုသော စက်ယန္တရား များကို ပိတ်ထားရန်နှင့် လုပ်ငန်းလည်ပတ်ချိန်တွင် ဆူညံသံထွက်ရှိသော စက် ယန္တရားများအား တစ်ပြိုင်တည်းလည်ပတ်ခြင်းမှ ရှောင်ကြဉ်ရန်၊

(၃) ဆူညံသံထွက်ရှိမှုလျော့နည်းစေရေးအတွက် ဆောက်လုပ်ရေးလုပ်ငန်းများကို နေ့အချိန်တွင်သာ ဆောင်ရွက်ရန်၊

(၄) စီမံကိန်းပတ်ဝန်းကျင်တွင် ဆူညံသံထွက်ရှိမှုလျော့နည်းစေရေးအတွက် ယာဉ် များကို အမြန်နှုန်းကန့်သတ်၍ မောင်းနှင်ရန်၊

(၅) ဆူညံသံစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည် အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(ဇ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဧရိယာတစ်ဝိုက်တွင် နေထိုင်ကျက်စားနေသော တိရစ္ဆာန်များအား ဖမ်းဆီးသတ်ဖြတ်ခြင်းအား ရှောင်ကြဉ်ရန်၊

(၂) စီမံကိန်းဧရိယာတစ်ဝိုက်တွင် ဒေသနှင့်ကိုက်ညီသော အပင်များ စိုက်ပျိုးသွား ရန်၊

(၃) လုပ်ငန်းဧရိယာအတွင်း မလိုအပ်ဘဲ သစ်ပင်၊ သစ်တောများအား ခုတ်လှဲမှု ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရန်။

(ဈ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်း အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများကို စနစ်တကျစီမံခန့်ခွဲ၍ စွန့်ပစ်ခြင်းများဆောင်ရွက်ရန်၊

(၂) လုပ်ငန်းခွင်အတွင်း ဝန်ထမ်းများအား အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများကို ဘေးကင်းစွာ ကိုင်တွယ်ခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် သင်တန်းများပို့ချ၍ လေ့ကျင့်သင်ကြားပေးရန်၊

(၃) ဘေးအန္တရာယ်ဖြစ်ပေါ်စေနိုင်သည့် ပစ္စည်းများကို လုံခြုံသောနေရာတွင် စနစ်တကျ သိမ်းဆည်းခြင်းများ ဆောင်ရွက်ရန်၊

(၄) အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများကို သီးခြားအမှိုက်အမျိုးအစား သတ်မှတ်ချက်များနှင့်အညီ သိမ်းဆည်းစွန့်ပစ်ရန်၊

(၅) ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်ရာမှ ထွက်ရှိလာသော သစ်၊ ပလတ်စတစ်၊ သံမဏိအပါအဝင် C&G စွန့်ပစ်ပစ္စည်း၊ သတ္တုများနှင့် အခြားသတ္တုများကို ပြန်လည်အသုံးပြု၍ရသော နေရာများတွင် ပြန်လည်ဖြည့်စွက်အသုံးပြုရန်၊

(၆) လုပ်ငန်းဆောင်ရွက်ခြင်းမှ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ချိတ်ဆက်စွန့်ပစ်ရန်၊

(၇) စွန့်ပစ်ပစ္စည်းများအား လုပ်ငန်းခွင်အတွင်းရှိ သတ်မှတ်ထားသော နေရာများတွင်သာ စွန့်ပစ်ရန်၊

(၈) ကိုင်တွယ်ရာတွင် လွယ်ကူစေရန်နှင့် ညစ်ညမ်းမှုမဖြစ်စေရန်အတွက် အန္တရာယ်ဖြစ်စေသောပစ္စည်းများနှင့် အန္တရာယ်မဖြစ်စေသော ပစ္စည်းများကို စနစ်တကျ ခွဲခြားထားရန်၊

(၉) စွန့်ပစ်ပစ္စည်းများကို အမျိုးအစားလိုက်ခွဲခြား၍ အမှိုက်ပုံးများတွင် စနစ်တကျ စွန့်ပစ်ရန်၊

(၁၀) စက်ရုံတွင် စွန့်ပစ်ပစ္စည်းများအား ပြန်လည်အသုံးပြုနိုင်သော ပစ္စည်းများကို ပြည်တွင်းဝယ်ယူသူများထံသို့ ပြန်လည်ရောင်းချရန်၊

(၁၁) စီမံကိန်းမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုလျှော့ချနိုင်ရန်အတွက် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲခြင်းဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်ရန်၊

(၁၂) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(ည) **ဓာတုပစ္စည်းကိုင်တွယ်ခြင်းနှင့် သိုလှောင်ခြင်းဆိုင်ရာစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအနေဖြင့် သက်ဆိုင်ရာဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းဆိုင်ရာ လုပ်ငန်းများ စတင်လုပ်ကိုင်ခြင်းမပြုမီ လိုင်စင်ရရှိသူမှ လိုက်နာရမည့်သတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်ရန်၊

(၂) ဓာတုပစ္စည်းသိုလှောင်ခြင်း၊ ကိုင်တွယ်အသုံးပြုခြင်းနှင့် စွန့်ပစ်ခြင်းနည်းစနစ်များအား သက်ဆိုင်ရာဝန်ထမ်းများ သိရှိစေရန် သင်တန်းများပို့ချရန်၊

(၃) ဓာတုပစ္စည်းများ ကိုင်တွယ်ခြင်း၊ သိုလှောင်ခြင်းနှင့် သယ်ယူပို့ဆောင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် အန္တရာယ်ကင်းရှင်းစေရန်အတွက် သင်တန်းများ ပြုလုပ်၍ လေ့ကျင့်သင်ကြားပေးရန်၊

(၄) ဓာတုပစ္စည်းကိုင်တွယ်မည့် ဝန်ထမ်းများအား လက်အိတ်၊ ရေဆေးစင်၊ နှာခေါင်းစည်း စသည့် (PPEs) များ ထောက်ပံ့ပေးသွားရန်၊

(၅) ဓာတုပစ္စည်းကိုင်တွယ်အသုံးပြုမည့် ဝန်ထမ်းများအား ဓာတုပစ္စည်းများ၏ (Material Safety Data Sheet) များအား ရှင်းလင်းသင်ပြပေးရန်။

(ဋ) **ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဝန်ထမ်းများအား လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးရန်၊

(၂) လုပ်ငန်းခွင်အတွင်း အမျိုးမျိုးသော ဘေးအန္တရာယ်များ ဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန်အတွက် ဘေးအန္တရာယ်ကင်းရှင်းစေရေးအစီအစဉ်များ ရေးဆွဲ၍ ကြိုတင်စီမံဆောင်ရွက်ထားရန်၊

(၃) လုပ်ငန်းခွင်အတွင်းရှိ ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်ရာတွင် သင့်လျော်သော တစ်ကိုယ်ရည်ကာကွယ်ရေးဝတ်စုံ (PPEs) များ ဝတ်ဆင်စေရန်၊

(၄) လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ပုံမှန်စစ်ဆေးခြင်းများ ဆောင်ရွက်ရန်၊

(၅) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေး လုပ်ငန်းစဉ်များနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းစဉ်များကို ကြီးကြပ်ရန်အတွက် လေ့ကျင့်သင်ကြားထားသူများကိုသာ တာဝန်ပေးထားရန်၊

(၆) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် စက်ပစ္စည်းများနှင့် လျှပ်စစ်ပစ္စည်းများကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့ဆောင်ရွက်ရန်၊

(၇) လုပ်ငန်းခွင်အတွင်းရှိ ဝန်ထမ်းများအား အသက်ရှူလမ်းကြောင်းဆိုင်ရာ ကျန်းမာရေးစစ်ဆေးမှုများနှင့် ပုံမှန်ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးရန်။

(ဌ) **မှန်လုံအိမ်ဓာတ်ငွေ့စီမံခန့်ခွဲမှုအစီအစဉ်။** တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လောင်စာသုံးစွဲမှုနှင့် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချရန်အတွက် ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(၂) မှန်လုံအိမ်ထွက်ရှိမှုလျှော့နည်းစေရန်အတွက် စက်ပစ္စည်းလည်ပတ်မှုအချိန်ဇယားများကို စနစ်တကျရေးဆွဲဆောင်ရွက်ရန်၊

(၃) ဝန်ထမ်းများအား မှန်လုံအိမ်ထွက်ရှိမှုလျှော့နည်းစေရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်အတွက် သင်တန်းများပို့ချ၍ လေ့ကျင့်သင်ကြားပေးရန်။

(၃) **မီးဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မီးလောင်ကျွမ်းမှုမဖြစ်ပွားစေရေးအတွက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊

(၂) မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပါက အရေးပေါ်မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများအားအသုံးပြု၍ စနစ်တကျကာကွယ်တားဆီးမီးငြိမ်းသတ်နိုင်ရန်၊ ဝန်ထမ်းများမီးဘေးမှ ကင်းလွတ်ရာသို့ ကယ်ဆယ်နိုင်ရန်၊ မီးသတ်ဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် မီးဘေးစီမံချက်ကို ရေးဆွဲထားရှိရန်၊

(၃) စီမံကိန်းအတွင်း အလွယ်တကူမီးလောင်ကျွမ်းမှုဖြစ်ပေါ်စေနိုင်သော လောင်စာနှင့် စွန့်ပစ်အမှိုက်များ ရှင်းလင်းစေရေးအတွက် ပုံမှန်စောင့်ကြည့်စစ်ဆေးခြင်းများဆောင်ရွက်ရန်၊

(၄) မီးသတ်ပစ္စည်းကိရိယာများ ကောင်းမွန်စေရေးအတွက် ပုံမှန်စစ်ဆေးခြင်းများဆောင်ရွက်ရန်၊

(၅) လုပ်ငန်းခွင်အတွင်း မီးဘေးအန္တရာယ်သတိပေးဆိုင်းဘုတ်များ ချိတ်ဆွဲထားရှိရန်၊

(၆) အရေးပေါ်အခြေအနေဖြစ်ပွားပါက ဆက်သွယ်ရမည့် ဖုန်းနံပါတ်များအားမြင်သာသည့် နေရာများတွင် ချိတ်ဆွဲထားရှိရန်၊

(၇) လျှပ်စစ်သုံးစွဲခြင်းမှ မီးလောင်ကျွမ်းမှုမဖြစ်ပေါ်စေရေးအတွက် ပုံမှန်စစ်ဆေးခြင်းများဆောင်ရွက်ရန်၊

(၈) လောင်စာဆီများ ထုတ်ယူသုံးစွဲခြင်းနှင့် ထားရှိသိုလှောင်ခြင်းတို့ ဆောင်ရွက်ရာနေရာတွင် အန္တရာယ်မဖြစ်စေရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်၊

(၉) လုပ်ငန်းခွင်အတွင်း လိုအပ်သောသင်တန်းများ၊ ရှေးဦးသူနာပြုစုနည်းသင်တန်း၊ မီးဘေးအန္တရာယ်ကာကွယ်ရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး သင်တန်းများအား သင်ကြားပို့ချပေးထားရန်၊

(၁၀) မီးသတ်ဦးစီးဌာန၏ Fire Safety Certificate ပါ အချက်အလက်များကို လိုက်နာဆောင်ရွက်ရန်။

(ၿ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေထုအရည်အသွေးနှင့်ပတ်သက်၍ လုပ်ငန်းဧရိယာအတွင်း တစ်နေရာတွင် (၁) နှစ်လျှင် (၂) ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၂) ဆူညံသံအား လုပ်ငန်းဧရိယာအတွင်း (၁) နှစ်လျှင် (၂) ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၃) ရေထုအရည်အသွေးနှင့်ပတ်သက်၍ လုပ်ငန်းဧရိယာအတွင်း တစ်နေရာတွင် (၁) နှစ်လျှင် (၂) ကြိမ် တိုင်းတာ စစ်ဆေးရန်၊

(၄) မြေထုအရည်အသွေးနှင့်ပတ်သက်၍ လုပ်ငန်းဧရိယာအတွင်း တစ်နေရာတွင် (၁) နှစ်လျှင် (၂) ကြိမ် တိုင်းတာစစ်ဆေးရန်။

(ဏ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် စပ်လျဉ်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရမည်။

(တ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်တို့အတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ထ) **လျာထားအသုံးစရိတ်။** အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လိုလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည်-

(၁) စီမံကိန်းလည်ပတ်ခြင်းကာလတွင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် ရန်ပုံငွေကျပ် (၃၂,၂၀၀,၀၀၀) ခန့် လျာထားသုံးစွဲရန်၊

(၂) စီမံကိန်းလည်ပတ်ခြင်းကာလတွင် စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်အတွက် ရန်ပုံငွေကျပ် (၁၉,၈၀၀,၀၀၀) ခန့် လျာထားသုံးစွဲရန်၊

(၃) စီမံကိန်းဖျက်သိမ်းခြင်းကာလတွင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် ရန်ပုံငွေကျပ် (၁၆,၀၀၀,၀၀၀) ခန့် လျာထားသုံးစွဲရန်၊

(၄) စီမံကိန်းဖျက်သိမ်းခြင်းကာလတွင် စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်အတွက် ရန်ပုံငွေကျပ် (၅,၇၀၀,၀၀၀) ခန့် လျာထားသုံးစွဲရန်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်းအစီရင်ခံစာအရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက် ရမည်-

(က) **မူဝါဒ၊ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်း အစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက် များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသား အဆင့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာ နိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှော်လှုပ်ခြင်းကဲ့သို့သော ဘေးအန္တရာယ် များအတွက် အစီအမံများရေးဆွဲ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်၊

(၂) စီမံကိန်းမှ ထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ် အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှုပပျောက်ရေး ဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ် ထားသောနေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရမည်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်း တို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ် ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရန်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှု စနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၇) စီမံကိန်းမှထွက်ရှိလာမည့် အရည်အသွေးနှင့် သတ်မှတ်ချက်မပြည့်မီသည့် ကုန်ကြမ်းနှင့် ကုန်ချောပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများကို ထွက်ရှိမှုလျှော့ချခြင်း (Reduce)၊ ပြန်လည်သုံးစွဲခြင်း (Reuse) နှင့် ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း (Recycle) 3 Rs စနစ်ဖြင့် စီမံဆောင်ရွက်ရန်၊

(၈) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်၊

(၉) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၄၊ ၁၅ နှင့် ၁၆ တို့အရ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့် ပစ္စည်းများကို သတ်မှတ်ထားသည့် ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချက်များအတိုင်း စွန့်ပစ်ခြင်းနှင့် စုပုံခြင်းများ ပြုလုပ်ရန်၊ ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့် လုပ်ငန်းသို့မဟုတ် ပိုင်ရှင်ဖြစ်သူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို စောင့်ကြပ်ကြည့်ရှုရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သက်ဆိုင်ရာစုပေါင်းအစီအမံတွင် သတ်မှတ်သည့် ငွေ သို့မဟုတ် ပစ္စည်း ထည့်ဝင်၍ ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အသုံးပြုခ သို့မဟုတ် စီမံခန့်ခွဲမှု ကုန်ကျစရိတ်ကို ထည့်ဝင်ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ထုတ်ပြန်သောညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စွန့်ထုတ်အရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၂.၂.၃ ပါ Parameter များတိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၄) ဘိလပ်မြေလုပ်ငန်းနှင့်ဆက်စပ်သော အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းလုပ်ငန်းတွင် အသုံးပြုမည့် ကုန်ကြမ်းပစ္စည်းနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်ပြောင်းလဲမှုရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ အကြောင်းကြားရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေးကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုး တိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းတို့ကို ဆောင်ရွက်ရမည်။

(င) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိ လုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့် လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သောအနှောင့်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(စ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေး တင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄)နာရီ အတွင်းလည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇)ရက် အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရမည်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိက ပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်၊

(၇) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့်လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရမည်။

(ဇ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့် အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့်ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်းချက်များ ဆိုင်ရာအချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(ဈ) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်းစီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ဆ) ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။

စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်း

ယဉ်ကျေးမှုအမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်း ဆက်သွယ် သတင်းပို့ အကြောင်းကြားရမည်။

(ဈ) **လူမှုတာဝန်သိအစီအစဉ်(CSR)ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိသို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေးတည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလိုပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရမည်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ် ဆောင်ရွက်ရမည်။

(ည) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေးထုတ်ဖော် ကြေညာရမည်။

(ဋ) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရ အဖွဲ့အစည်းထံမှစာဖြင့်ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊

လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှု အားလုံးအတွက် စီမံကိန်းနှင့်ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ်အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများစသည်တို့ ပါဝင်ရမည်။ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်း နှင့်ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရမည်။ ဝန်ကြီးဌာနမှ စာဖြင့် သီးခြားရေးသား သဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရမည်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်းစသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက် မှ (၁၀) ရက်အတွင်း ထုတ်ဖော်ကြေညာရမည်၊

(၄) အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ(၁၀)ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူသိရှိနိုင်စေရန် တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် (၁၀)ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရမည်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအားကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း နှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရမည်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့်မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရမည်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန်လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့်လေ နမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့်

လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်းအပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရမည်၊

(ဈ) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရမည်။

**သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ဖော်ပြပါ အချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းမကုန်ဆုံးမီ (၆) လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ(၂)နှစ်အတွင်း စီမံကိန်း၏အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း(၃၀)ထက် နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့်သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင်ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့်စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှလိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ရရှိပြီး (၂) နှစ်အတွင်း စီမံကိန်းကိုထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို အသစ်ပြုလုပ်တင်ပြရမည်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တစ်ဖက်ပါအချက်များ တွေ့ရှိရပါကပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါစည်းကမ်းချက်များကို ဝန်ကြီးဌာနမှပြင်ဆင်ခြင်း သို့မဟုတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန်ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို မူလအတည်ပြုခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မူလကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာအပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ် ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ်ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ပြင်ဆင် တောင်းခံပါက ထည့်ဝင်ရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေထူထောင် ထားရှိရမည်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာပါ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ် များနှင့်ပတ်သက်၍ သီးခြားငွေစာရင်းဖွင့်လှစ်ထားသော အထောက်အထား အချက် အလက်ဖြင့် ထည့်သွင်းဖော်ပြရမည်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါ လုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ် ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်း လက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက် ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံး တို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---